# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ်အစည်းအဝေး (ပထမပိုင်း)

## ထုတ်ပြန်ကြေညာချက်

၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်

************************************************************

၁။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားကြသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ စတုတ္ထအကြိမ် အစည်းအဝေး (ပထမပိုင်း)ကို ၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးသို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ထိပ်သီးခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ လေ့လာသူများ၊ နည်းပညာအထောက်အကူပြုများ၊ စုစုပေါင်း ၈၀ ဦးတက်ရောက်ခဲ့ကြသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုအပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြုံတွေ့နေရသည့် တစ်ဆို့မှုများ ပြေရှင်းကျော်လွှားနိုင်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်တစ်ရပ် စနစ်တကျရေးဆွဲချမှတ်ပြီး အစိုးရ၊ တပ်မတော်ခေါင်းဆောင်များနှင့် ဆွေးနွေးသဘောတူညီမှုရယူရန် သဘောတူခဲ့ကြသည်။

၃။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လွှတ်တော်မှ ပြဌာန်းလိုက်သော ဥပဒေများသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာအခြေခံမူများနှင့် သဟဇာတ ဖြစ်ရန်လိုအပ်ကြောင်း အလေးထား ဆွေးနွေးခဲ့ကြပြီး အကောင်အထည်ဖော်လုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ကြသည်။

၄။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် NCA-S EAO များကိုင်စွဲထားသည့် မည်သည့်သက်ဆိုင်သူများကိုမျှ ချန်လှပ်မထားရေး အခြေခံမူ (Non-Exclusive Principle) အရ အခြားသော ညီနောင်တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် သက်ဆိုင်သည့်အဖွဲ့အစည်းများ အားလုံး ပါဝင်ဆွေးနွေးနိုင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုဆိုင်ရာ စုဖွဲ့မှုတစ်ခုဖွဲ့စည်းနိုင်ရေးအတွက် အလုပ်အဖွဲ့တစ်ရပ်ဖွဲ့စည်းခဲ့သည်။

၅။ NCA-S EAO ၏ စေ့စပ်ညှိနှိုင်းမှုအကြိမ်ကြိမ်ပြုလုပ်ပြီးနောက် ထိပ်သီးအစည်းအဝေး (ပထမပိုင်း)တွင် ဆွေးနွေးရန်ကျန်ရှိနေသေးသော အကြောင်းအရာများကို ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် ထိပ်သီးအစည်းအဝေး စေ့စပ်ညှိနှိုင်းမှုအကြိမ် (ဒုတိယပိုင်း) ကို အမြန်ဆုံးခေါ်ယူကျင်းပသွားရန် NCA-S EAO ခေါင်းဆောင်များမှ တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။

**ဆက်သွယ်ရန်**

(၁) နိုင်ဟံသာ
၀၈၀၅၀၃၀၈၄၉
bophong3@gmail.com

(၂) ဗိုလ်မှူးကြီး စိုင်းငင်း
၀၈၆ ၁၉၄၀၁၇၉ (ထိုင်း)
၀၉၄၂၈၃၃၃၈၅၅ (မြန်မာ)
saingern@ltlrcss.org